## ကျော်ဟိန်းအထုပ္ပတ္တိ





ကျော်ဟိန်း သည် ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ(၁၄)ရက်၊ တနင်္လာနေ့တွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း ၌ အငြိမ်းစား ခရိုင် ရဲဝန် အဖ ဦးဂျွန်မောင်စိန် နှင့် အမိ ဒေါ်ချိုချို တို့မှ မွေးဖွားခဲ့သည်။

ကရကင်ရှ ရာသီဖွားဖြစ်ပြီး ငယ်နာမည် ကျော်ကြီး ။ အမည်ရင်းမှာ ကျော်ငွေး ဖြစ် သည်။ သားသမီးခြောက်ယောက်မှာ နံပါတ် လေးယောက်မြောက်ဖြစ်သည်။

၁၉၅၂ ခုနှစ် – ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ABM ကျောင်းမှာ ပထမတန်း ကနေ စတုတ္ထတန်း အထိကျောင်းစာ သင်ကြားခဲ့သည်။ (စတုတ္ထတန်း စာမေးပွဲမှာ အောင်မှတ် မပြည့်လို့ နွေရာသီ ကျောင်းပိတ်ရက် နှစ်လ မှာ စာကျက်ပြီး စာမေးပွဲ ပြန်ဖြေရတယ်။)

၁၉၅၆ ခုနှစ် – အလုံမြို့နယ်၊ ဟုမ်းလမ်း ဘုတာရုံနားက ယူနစ်ကရင်ကျောင်းမှာ ပဥ္စမတန်း ကို တက်ရောက်သင်ကြား။

၁၉၅၇ ခုနှစ် -အလုံမြို့နယ်၊ ကျူရှင်ကျောင်းမှာ ဆဋ္ဌမတန်း၊ သတ္တမတန်း (နှစ်ကြိမ်)၊ အဋ္ဌမတန်း၊ နဝမတန်း (နှစ်ခါ ကျလို့ ကျောင်းထွက်လိုက်ရ)

၁၉၆၄ ခုနှစ် -ရန်ကုန်မြို့၊ မြို့နယ် အသီးသီးရှိ အလွတ် ပညာသင်ကျောင်း (ညကျောင်း အပါအဝင်)၊ (၂၃) ကျောင်း ပြောင်းရွှေ့သင်ကြား၊ နောက်ပိုင်း ကျောင်း မနေဖြစ်တော့ဘဲ အိမ်က ၁၆ ကြိမ်ဆင်း။ အိမ်ပြေး ဘဝနဲ့ လမ်းပေါ်မှာ လေလွင့်။

၁၉၆၅ ခုနှစ် – ကမာရွတ်မြို့နယ်၊ ဒေါ်သာထက် ကျောင်းမှာ နဝမတန်း (သုံးကြိမ်မြောက်) သင်ကြား အောင်မြင် ။

၁၉၆၆ ခုနှစ် – ဒဂုံမြို့နယ်၊ ဒေါ်နုနုခင် အလွတ် ပညာသင်ကျောင်းမှာ ဒသမတန်းသင်ကြား၊ သုံးလလောက် တက်ပြီးရေတပ်ထဲဝင် (ကိုယ်ပိုင် နံပါတ် ၁၂၂၀၅) ၁၉၆၇ ခုနှစ် – ရေတပ်ထဲကထွက်၊ ဒသမတန်း ပြန်ဖြေ၊ ဆယ်တန်း(ခ)နှင့်အောင် (တက္ကသိုလ်ဝင်တန်း) အထိ ပညာ သင်ကြားခဲ့သည်။ ငယ်စဉ်က စိန်ဂေါ်လီ ဂိုဏ်း ဝင် တစ်ဦးဖြစ်သည်။ ရုပ်ရှင်လောကထဲရောက်။

၁၉၇၀-ပြည့်နှစ်မှ စ၍ ရုပ်ရှင် မင်းသမီး စန္ဒာနှင့် အတူ ဖူးစာလမ်းစုံ ဇာတ်ကားဖြင့် ရုပ်ရှင်လောကထဲသို့ ဝင်ရောက်ခဲ့သည်။ ရုပ်ရှင် သရုပ်ဆောင် အဖြစ် `အကာက အချစ် အနှစ်ကမေတ္တာ´၊ `မွန်းတည့်ချိန်တွင် နေဝင်သည်´၊ `ပန်းမြိုင်လယ်က ဥယျာဉ်မှူး´၊ `ဝေလည်းမွှေး ကြွလေည်းမွှေး´ဇာတ်ကားများဖြင့် အကယ်ဒမီ လေးကြိမ် ရရှိခဲ့သည်။

`မွန်းတည့်ချိန်တွင် နေဝင်သည်´ဇာတ်ကားကို ကိုယ်တိုင် ဒါရိုက်တာ အဖြစ် ရိုက်ကူးခဲ့သည်။ ၁၉၇၀-ခုနှစ်တွင် ပထမဆုံး ဒါရိုက်တာလုပ်၍ သရုပ်ဆောင် ရိုက်ကူးခဲ့သော ဇာတ်ကားမှာ စိန် သို့မဟုတ် စိန် ဖြစ်သည်။ ထို ဇာတ်ကား၏ ကြော်ငြာ ဒီဇိုင်း၊ ပိုစတာများ အားလုံးကို သူကိုယ်တိုင် နေမင်းထိပ်ခေါင် အမည်ဖြင့် ရေးဆွဲခဲ့ပေသည်။

ဝတ္ထုတို၊ ဝတ္ထုရှည် အချို့ ရေးသားခဲ့ပြီး တေးစီးရီး အချို့ကိုလည်း သီဆို ထုတ်လုပ်ခဲ့သည်။ ရုပ်သံကြော်ငြာများတွင်လည်း သရုပ်ဆောင်ကြေး အများဆုံးရသူဖြစ်သည်။

၂၀၀၈-ခုနှစ်၊ နိုဝင်ဘာ (၄) ရက်နေ့မှ စ၍ ဦးကျော်ဟိန်း သည် ရုပ်ရှင်လောကမှ အနားယူကာ ရဟန်း ဝတ်ခဲ့လေသည်။ ဘွဲ့တော်မှာ ဦးကိတ္တိသာရ ဖြစ်သည်။

ဦးကျော်ဟိန်း ရဟန်း မဝတ်ခင်ကလည်း ကျော်ဟိန်း ၏ နောက်ဆုံး နှုတ် ဆက် ခရီးစဉ်ဟု အမည်ပေးကာ မြန်မာနိုင်ငံ အနှံ့သို့ သွားရောက်ခဲ့သေး သည်။ ရဟန်းဘောင်ဝင်၍ တရားပွဲများ ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုမှုများ ရှိခဲ့သည်။

ဘုန်းကြီးဝတ် အနေဖြင့် စာပေများရေးသောအခါ ကလောင် နာမည် ဦးကိတ္တိသာရ (ခေတ္တ ၃၁ ဘုံ) ဟုဖြစ်သည်။ နောက်ဆုံး ရိုက်ကူးခဲ့သော ရုပ်ရှင်ကား မှာ ကြိုးတန်း ဖြစ်သည်။

၁၉၆၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ (နှစ်ပေါင်း ၄၁ နှစ် အတွင်း) ရိုက်ကူးခဲ့သော ရုပ်ရှင် ကားပေါင်း ၂၂၂ကား၊ ဗီဒီယို ကားပေါင်း ၃၆၂ ကား ဆိုခဲ့တဲ့ သီချင်းခွေပေါင်း ၁၄ ခွေ ဖြစ်သည်။

=================

#ဖိုး(4)သမား ရုပ်ရှင်သရုပ်ဆောင်

ငယ်စဉ်က ၉တန်းကျောင်းထပ်မတက်ပဲ

ရေတပ်သားဘဝနဲ့တစ်နှစ်နေခဲ့တယ်။

ရေတပ်သားဘဝမှာလည်းသူမပျော်ပြန်ဘူး..

နတ်တလင်းကအဒေါ်ဖြစ်သူက အတင်းလိုက်ရှာပြီ

၉တန်းပြန်ဖြေခိုင်းတယ်။အောင်သွားပါတယ်။

ဆယ်တန်းမတက်တော့ဘူးအိမ်မှာလည်းငါမနေချင်တော့ဘူးဆိုပြီး ထွက်လာတယ်။

လမ်းမှာဆိတ်ခြံတစ်ခြံမှာ အိပ်စရာမရှိလို့ဒီညအိပ်ပါရစေဆိုတော့ ဆိတ်ခြံထဲတော့အိပ်လို့ရမယ်ဒါပေမယ့်မနက်ဆိတ်ချေးကျုံးရမယ်။

သူ့အတွက်တစ်ညတာအိပ်စက်ခွင့်ရသွားပါတယ်။

ဦးတည်ရာမရှိရည်မှန်းချက်မရှိသွားချင်ရာသွား လမ်းသူရဲတွေနဲ့ပေါင်း ပြီးဘိန်းတွေရှူ။နောက်ပိုင်းမှာတော့ ကြံတောသင်္ချိုင်းမှာ ကိုယ်လက်

အင်္ဂါမစုံသူတွေနဲ့ဖဲတွေရိုက်ဒီလိုနဲ့ဘဝကိုကုန်ဆုံးစေခဲ့တယ်။

=======================================

စာဖတ်ဝါသနာပါတဲ့သူ

——*———————-

တစ်ရက်မှာ ရုပ်ရှင်သရုပ်ဆောင်သင်တန်းကခေါ်တဲ့စာလေးကိုဖတ်လိုက်မိတယ်။

ဟာ မဆိုဘူးပဲ သူလျှောက်ဖို့ စိတ်ကူးလိုက်တယ်။

ကံပဲကောင်းတာလား တော်လို့ပဲလားပါရမီလားမသိပေမယ့် သရုပ်ဆောင်သင်တန်းတက်ခွင့်စာမေးပွဲအောင်သွားပါတယ်။

သရုပ်ဆောင်သင်တန်းပြီးပြီ ရုပ်ရှင်ရိုက်ချင်ပြီ ဘယ်ကုမ္ပဏီကမှလာမခေါ်ဘူး။

ကံကောင်းစေတဲ့နေ့

---

သူ့အဒေါ်အဆက်အသွယ်နဲ့ရုပ်ရှင်ကားတစ်ကားမှာပါဝင်ခွင့်ရခဲ့ပါတယ်။

ဇတ်လမ်းရိုက်မှာက မန္တလေးမှာ..

ဒါရိုက်တာက သူ့ကို သေချာသရုပ်ဆောင်နော်မှားရင်ပြန်ရမယ်။

မနက်ဖြန်မန္တလေးလိုက်ခဲ့ဒါပဲ။

ဆရာကျွန်တော့်လမ်းစာရိတ်လေးရော.!

ဒါရိုက်တာက ဟာ ရိုက်တောင်မရိုက်ရသေးဘူး မပေးနိုင်ဘူး။

သူဒေါသထွက်သွားပါတယ်။ဟုတ်ပြီရအောင်ရိုက်ပြမယ်။

မနက်ခင်း မီးရထားဘူတာကိုငေးငိုင်ပြီးလမ်းလျှောက်လာတယ်။

ရပ်ထားတဲ့ရထားတွဲမှာ မတ်တပ်ရပ်နေတုန်း

ရထားပေါ်ကလမ်းခေါ်လိုက်တာက မင်းသမီးကြီးဒေါ်စံရှားတင်။

ဟိတ်ကောင်လေး နင်ငါတို့ရုပ်ရှင်ထဲမှာပါတဲ့ကောင်လေးမလား လာလေဘာလုပ်နေတာလဲ။

ကျွန်တော် ရထားစီးဖို့ ပိုက်ဆံက..

လာပါငါစိုက်ပေးမယ်

(နောက်ပိုင်းမှာဒေါ်စံရှားတင်ဟာသူ့ဘဝရဲ့ပထမဆုံးကျေးဇူးရှင်လို့ပြောသွားပါတယ်)

မန္တလေးကသူ့ဘဝရဲ့ပထမဆုံးရုပ်ရှင်

---

သူဟာသူဌေးသားဆရာဝန်။သူ့ချစ်သူက ရုပ်ကွက်ထဲကပဲပြုပ်သည်ကောင်မလေး။မိခင်ဖြစ်သူက သဘော မတူတဲ့အချိန်မှာ

သူပြန်ပြောပါတယ်-

ဟာ မာသားကြီးတို့ကလည်း လူချင်းတူတူပဲဗျ ပခုံးနစ်ဖက်ကြားကခေါင်းပေါက်တာ နာခေါင်းနဲ့ အသက်ရှူတာ ————*-******

ပထမဆုံးဇာတ်လမ်းဟာ သူ့အတွက် ပရိတ်သတ် စတင်လက်ခံခဲ့တယ်။

ဒါရိုက်တာကလည်း သူ့စကားလုံးတွေကို ကြွေသွားခဲ့တယ်။

သူဟာ နာမည်ကျော် သရုပ်ဆောင်တစ်ယောက် ဖြစ်လာခဲ့တယ်။

ရုပ်ရှင်ရိုက်ခါနီးမှာ ပျောက်ပျောက်နေတယ်။ ဘာလုပ်တာလဲ။

သူအင်မတန်စွဲနေတဲ့ ဘိန်းခိုးရှူနေခဲ့တယ်။

တစ်ရက်မှာတော့ မိမိဝင်းရွှေရဲ့အဖေ ပန်းချီဦးဝင်းဖေဟာ သူ့ကိုရိုက်ကွင်းထဲမှာ ဒိုင်ယာလော့ တစ်ခုချပြနေတုန်း သူနဲ့ ဦးဝင်းဖေမျက်လုံးချင်း ဆုံမိလိုက်တယ်။

သူ့အကြောင်းသိနေတဲ့

ဦးဝင်းဖေရဲ့မျက်လုံးတစ်စုံက စကားတွေပြောနေတာသူသိတယ်

"အလကားကောင်ဘိန်းစား"တဲ့

သူဒေါသထွက်သွားတယ်

ငါလေးစားရတဲ့ ငါ့ဆရာကဒီလိုပြောတယ် ငါမခံနိုင်ဘူး။

ငါရအောင်ဖြတ်မယ်ဆိုပြီး အိမ်ကိုပြန်လာခဲ့တယ်။

အိမ်ရောက်တော့ သူကြိုက်တဲ့ဘိန်းထုပ်ကိုဝအောင်ရှူလိုက်တယ်။

ဝပြီဆိုတာနဲ့ဘိန်းထုပ်ကိုယူပြီး ကြွေးကြော်လိုက်တယ်ပြတ်ပြီကွဆိုပြီး

သူ့ဘိန်းထုပ်ကိုအိမ်သာခွက်ထဲလောင်းထည့်လိုက်တယ်။

မကြာပါဘူး

သူယင်းတွေ ပြန်ထလာပါတယ်။

မနေနိုင်တော့တဲ့အဆုံးမှာသူဟာ အိမ်သာဘက်ကိုသွားပြီး အိမ်သာခွက်ဘေးမှာ တင်နေတဲ့ ဘိန်းမှုန့် တစ်ချို့ကို လက်နဲ့ယူလိုက်တယ်။

ပြီးတော့ ပါစပ်နားထည့်ခါနီးမှာ သူ့မျက်ဝန်းတစ်စုံဟာ မျက်ရည်တွေစီးကျလာတယ်။ ရှက်လိုက်တာ ရှက်လိုက်တာ..မရှုတော့ဘူးဒီဘိန်းကို လုံးဝမသုံးတော့ဘူးဆိုပြီးသူ့အသက်သုံးဆယ်မှာ ဆရာဝန် အကူအညီမပါဘဲ ဘိန်းပြတ်သွားခဲ့ပါတယ်။

ရုပ်ရှံလောကမှာလည်းသူမှသူသီချင်းဆိုရာမှာလဲသူမှသူ ဇာတ်ဝင်တေးဆိုရာမှာလည်း သူမှသူဖြစ်ခဲ့ သူကြီးပေါ့..

စိတ်ဓာတ်ပိုင်းဆိုင်ရာဇာတ်လမ်းတွေ လောကဆိုင်ရာဇာတ်လမ်းတွေကို များများရိုက်ပြီး သူ့ဘဝကို မြင့်မြတ်သော ရဟန်းဘဝနဲ့အချိန်ကုန်စေပါတော့တယ်။

ဇော်ခိုင်ဦး(မန္တလေး)

(လောကမှာ ဘယ်လောက်ပဲလမ်းမှားရောက်နေပါစေ လမ်းမှန်ပေါ်ပြန်ရောက်အောင်ကြိုးစားပြီး အောင်မြင်သောသူတစ်ယောက်ဖြစ်အောင်ကြိုးစားလို့ရတယ်ဆိုတာလေးကို ဦးကျော်ဟိန်းရဲ့ဖြစ်စဉ်လေးနဲ့အတိုချုပ်သတိပေးထားတာပါနော်)

Credit ပေးပါတယ်

မင်းရဲကျော်စွာ

Via-Steven Aung Myo